**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၁၂)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )**

**[ အင်္ဂါနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **ကမ္ဘာတစ်ဝန်း တိုးပွားလာသော ဝက်သက်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် ကပ်ရောဂါအသွင် ဖြစ်ပွားမလာအောင် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အထူးအလေးပေး၍ (၉၅)ရာခိုင်နှုန်းကျော် လွှမ်းခြုံမှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်ရရှိနိုင်မည်မဟုတ်သဖြင့် အစိုးရအဖွဲ့နှင့်နှီးနွှယ်သော ဝန်ကြီးဌာန အသီးသီးမှ စေတနာ့ဝန်ထမ်းများပါဝင်မှုနှင့် ကလေးတစ်ဦးမှ ကာကွယ်ဆေးထိုးနှံမှု မကျန်ရှိစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံအတွင်းရှိ ကလေးများအားလုံး ဝက်သက်ရောဂါမှကင်းဝေးစေရေး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ပြည်သူများကို ပြည့်စုံသော ကျန်းမာရေးဝန်ဆောင်မှုပေးရန်အတွက် နိုင်ငံတော်အဆင့် မူဝါဒချမှတ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျန်းမာရေးဝန်ထမ်း

များအား လျာထားဦးရေအတိုင်း အစိုးရအလုပ်ခွင်ဝင်ရောက်နိုင်ရန် ခန့်ထားပြီး ဝန်ထမ်းများ အလုပ်မှပြန်မထွက်သွားစေရန် လုပ်ငန်းခွင်လုံခြုံမှုနှင့် ပျော်ပိုက်မှု ရှိရန်၊ လူနာများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် လုံခြုံစိတ်ချမှုရှိရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ "မြန်မာနိုင်ငံကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် မဟာဗျူဟာ (၂၀၁၈-၂၀၂၁)" Myanmar Human Resources for Health Strategy (2018–2021)ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဂ) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **Consultant အတိုင်ပင်ခံအဆင့် အထူးကုဆရာဝန်များအား တိကျရှင်းလင်းသော တာဝန် ခွဲဝေမှုပေးနိုင်ရန် လိုအပ်သော ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်သူ့ဆေးရုံများ၌ ဆေးရုံ အခြေပြုကုသရေးလုပ်ငန်းများကို စနစ်တကျနှင့် တစ်ပြေးညီဆောင်ရွက်နိုင်ကြ စေရန်ရည်ရွယ်၍ ဆေးရုံစီမံခန့်ခွဲမှုလက်စွဲ (Hospital Management Manual) စာအုပ်ပါ တာဝန်ဝတ္တရားများကဏ္ဍ၌ "မိမိလူနာခန်းတွင် တာဝန်ကျရောက်လာသော ဆရာဝန်များအား ကုသရေးနှင့် အခြားသင့်တော်သည့်တာဝန်များကို လိုအပ်သလို ခွဲဝေသတ်မှတ်ပေးရမည်"ဟု ဖော်ပြထားကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ မော်လမြိုင် ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ကော့မုပွန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၆-၆-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၇/၂၀၁၉)ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဒေါက်တာကျော်ဌေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မကွေးတိုင်း ဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းရှိ မြစ်ရေဝင်အရပ်နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်ခြေဒေသရှိ ကျေးရွာအချို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ ထားရှိပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်ထောင်စုအစိုးရ

အဖွဲ့ရုံး၏ (၆-၆-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၇/၂၀၁၉)ပါ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပုံအသစ်ရေးဆွဲခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ လျှော့ချပြင်ဆင်ခြင်းများနှင့်ပတ်သက်၍ အချက်အလက်များ ပြည့်စုံစွာပါရှိရေး ညှိနှိုင်းအကြောင်းကြားခဲ့ပြီး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လေကန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၆-၆-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၇/၂၀၁၉)ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

## ဥပဒေကြမ်း ဆွေးနွေးခြင်း

၃။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးစီက အသီးသီး ဆွေးနွေးသည်။

## အဆို ဆွေးနွေးခြင်း

၄။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ၏ **ရေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်း သိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ် တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ် မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့ တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ဆွေးနွေးသည်။

၅။ အစည်းအဝေးကို ၁၃:၀၆ နာရီ အချိန်တွင် ရပ်နားပြီး (၁၃)ရက်မြောက်နေ့ အစည်းအဝေးကို ၂၂-၈-၂၀၁၉ ရက်နေ့ (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**